# ၂၀၁၉ ခုနှစ်၊ မတ်လ (၁၁) ရက် - မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြောင့် တောင်သူလယ်သမားများမှာ မိမိတို့၏ပိုင်နက်မြေအတွင်း မတရားကျူးကျော်သူများဖြစ်ရတော့မည်။

“မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ” အား လွှတ်တော်အတွင်း အချိုးအစားအများဆုံး နေရာ ရထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ မူကြမ်းရေးဆွဲကာ အတည်ပြုခဲ့ပြီး ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၈ ခု၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် လက်ရှိ အသုံးပြုနေသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြုခွင့်ကို ၂၀၁၉ ခုနှစ်၊ မတ်လ နောက်ဆုံးထားမှတ်ပုံတင်ရန်နှင့် ပျက်ကွက်ပါက ကျူးကျော်သူများနှင့် ရာဇဝတ်ကျူးလွန်သူများအဖြစ် ဒဏ်ငွေနှင့် ထောင်ဒဏ်များ အပြစ်ပေးခံရမည်ဟု တရားဝင်ကြေငြာချက် ထုတ်ပြန်ခဲ့ပါသည်။ ထိုပြင်ဆင်သည့် ဥပဒေအား ကတိုက်ကရိုက် အကောင်အထည်ဖော်ခြင်းကြောင့် မြေယာပဋိပက္ခများ ပိုမိုများပြားလာနိုင်ပြီး သန်းပေါင်းများစွာသောလူထုမှာ မြေမဲ့ယာမဲ့ဖြစ်သွားစေနိုင်ပါသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှာ အနိုင်ရအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲကြေငြာချက်နှင့် ၂၀၁၆ ခုနှစ်တွင်အတည်ပြုခဲ့သော အမျိုးသားမြေအသုံးချမှုမူဝါဒ (NLUP)တို့နှင့် ဆက်စပ်ဆီလျော်ခြင်းလည်းမရှိပါ။ အစိုးရအနေဖြင့် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရေရှည်တည်မြဲသောဖွံ့ဖြိုးမှုများနှင့် အသေးစားတောင်သူလယ်သမားများကို ပံ့ပိုးမည့်ဆန္ဒကို ဖြည့်ဆည်းရန် ရည်သန်ပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကိုရုတ်သိမ်းပြီး အမျိုးသားမြေဥပဒေသစ်ကို ပြန်လည်ပြဋ္ဌာန်းကာ အမျိုးသားမြေအသုံးချမှုမူဝါဒ(NLUP) ကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

စွန့်ပစ်မြေရိုင်းများ (ယခု မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ) သုံးရန်ခွင့်ပြုချက်များပေးခဲ့ခြင်းကြောင့် စိုက်ပျိုးရေးထုတ်ကုန်များနှင့် အလုပ်အကိုင်ရရှိမှုမှာ မပြောပလောက်သော အခြေအနေမျှသာရှိခဲ့ပြီး နိုင်ငံ့အကျိုးစီးပွားလည်းထိခိုက်နစ်နာစေခဲ့ပါသည်။ ထို့ကြောင့် သစ်တောပြုန်းတီးမှုနှင့် မြေယာပဋိပက္ခများသည် ဒုံးပျံကဲ့သို့ မိုးထိုးမြင့်တက်လာခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ(၁၁)ရက် — နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်မှ လက်မှတ်ရေးထိုး

၂၀၁၈ ခုနှစ်၊ အောက်တိုဘာ (၃၀) ရက် — တရားဝင်ကြေငြာချက် ထုတ်ပြန်

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နောက်ဆုံးထား မှတ်ပုံတင်ရမည့်နေ့။

၂၀၁၉ ခုနှစ်၊ မတ်လ (၁၁) ရက် — မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများကိုတရားဝင်မှတ်ပုံတင် ခြင်းမရှိဘဲအသုံးပြုခြင်း သို့မဟုတ် နေထိုင်ခြင်းပြုပါက ဒဏ်ငွေ ငါးသိန်းကျပ်နှင့် ထောင်ဒဏ် ၂ နှစ် ဒဏ်ရိုက်ခြင်းခံရမည်။

## ၁. စီးပွားရေးဆိုင်ရာအရှုပ်ထွေးများ


*စွန့်ပစ်မြေရိုင်းများနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုရန် ခွင့်ပြုချက်များ ချပေးခြင်းကြောင့် အသေးစားတောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကြောင်းနှင့် ကောင်းမွန်သော မြေအသုံးပြုမှုကို လျစ်လျူရှုခြင်း။*

ဤဥပဒေ၏ အဓိက (ရှင်းလင်းသော) ရည်ရွယ်ချက်မှာ စီးပွားရေးနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုခွင့်ပေးရန်ဖြစ်ပါသည်။ ပုဒ်မ ၃ (က) တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို “နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ၊ မြေယာမဲ့နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေး” အတွက် အသုံးပြုရမည်ဟု ဖော်ပြထားပါသည်။ သို့သော်လည်း မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများမှ အချက်များအရ အကြီးစား မြေသိမ်းမှုတို့သည် အသေးစားမြေယာပိုင်ဆိုင်သူများအား ၎င်းတို့၏ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းများ၊ စားကျက်ချခြင်း၊ သစ်တောအရင်းအမြစ်များထုတ်ယူသုံးစွဲခြင်းစသည့်တို့မှ ဖယ်ထုတ်စေကာ မြေမဲ့ယာမဲ့ဖြစ်စေခြင်း၊ အလုပ်အကိုင်မဲ့ ဖြစ်စေခြင်းနှင့် ပိုမိုဆင်းရဲနွမ်းပါးခြင်းသို့သာ တွန်းပို့နေပါသည်။ မဲခေါင်ဒေသများတွင် မြေဧကများစွာ သိမ်းယူမှုကြောင့် အလုပ်အကိုင်ဖန်တီးမှုအကန့်အသတ်များ ဖြစ်ပေါ်စေပါသည်။ ထို့ပြင် ကုမ္ပဏီများကလည်း ဒေသခံများနှင့်ဖြစ်ပွားနိုင်သော ပဋိပက္ခများကိုရှောင်ရှားနိုင်ရန် အခြားသောဒေသများမှ လုပ်သားများကိုသာ ခေါ်ယူလေ့ရှိပါသည်။

အသေးစားစိုက်ပျိုးရေးလုပ်ငန်းများဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများစွာဖန်တီးပေးနိုင်သည်ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေက လျစ်လျူရှုထားပါသည်။ ဥပမာ - မြစ်ဝကျွန်းပေါ်ဒေသနှင့် အညာဒေသရှိ မိသားစု (၅)စုတွင် (၄)စုမှာမိမိတို့အသက်မွေးဝမ်းကြောင်းအတွက် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအားထားကြပြီး တနိုင်တပိုင်စိုက်ပျိုးရေးလုပ်ငန်း (သို့) စိုက်ပျိုးခွင်နေ့စားလုပ်သားများအဖြစ် လုပ်ကိုင်ကြပါသည်။ (၈၀) ရာခိုင်နှုန်းကျော် အိမ်ထောင်စုများမှာ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်လုပ်သားများဖြစ်ပါသည်။[၁] တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကြီးစားစိုက်ပျိုးရေးလုပ်ငန်းပုံစံ(မော်ဒယ်)များမှာ ကောင်းမွန်မျှတသောမြေအသုံးပြုမှုစနစ်ကို မြှင့်တင်ပေးနိုင်ခြင်းမရှိကြောင်း အစိုးရ၏စာရင်းများတွင် ဖော်ပြနေပါသည်။ ၁၉၉၁ ခုနှစ်မှစပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ ခွင့်ပြုချက် ချပေးခဲ့သော ၃,၈၇၅,၉၆၄ ဧက ၁၅% ကိုသာ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။[၂]



*မြစ်ဝကျွန်းပေါ်ဒေသနှင့် အညာဒေသရှိ မိသားစု (၅)စုတွင် (၄)စု မှာ မိမိတို့အသက်မွေးဝမ်းကြောင်းအတွက် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအားထားကြပြီး တနိုင်တပိုင် စိုက်ပျိုးရေးလုပ်ငန်း (သို့) စိုက်ပျိုးခွင်နေ့စားလုပ်သားများအဖြစ် လုပ်ကိုင်ကြပါသည်။ ၈၀% ကျော် အိမ်ထောင်စုများမှာ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်လုပ်သားများဖြစ်ပါသည်။*



*၁၉၉၁ ခုနှစ်မှစပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေအရ ခွင့်ပြုချက်ချပေးခဲ့သော ၃,၈၇၅,၉၆၄ ဧက ၁၅% ကိုသာ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။*

1 Boutry, M., Allaverdian, C., Mellac, M., Huard, S., San Thein, Tin Myo Win, Khin Pyae Sone. (2017). Land tenure in rural lowland Myanmar: From historical perspectives to contemporary realities in the Dry Zone and the Delta. ‘Of Lives of Land’ Myanmar research series. Gret: Yangon.

2 Department of Agricultural Land Management and Statistics (DALMS), Ministry of Agriculture, Livestock and Irrigation (MoALI)(2017b): Nay Pyi Taw. Summary report of large-scale land acquisition in Myanmar, as of December 2016.

# ၂. ဥပဒေဆိုင်ရာအရှုပ်အထွေးများ

*မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှာ မှတ်တမ်းတင်ထားနိုင်ခြင်းမရှိသော မြေယာပိုင်ရှင်များ၏ အားနည်းချက်သဖွယ် ဖော်ဆောင်နေခြင်းကြောင့် ပြဿနာတစ်ခုဖြစ်စေနိုင်ပါသည်။*

### မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ၏ ဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုခြင်း (ပုဒ်မ ၃၀-က)

*မြေလွတ် နှင့် မြေလပ်* - ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူ မရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကိုဆိုသည်။

*မြေရိုင်း* - သစ်ပင်၊ ဝါးပင် သို့မဟုတ် ခြုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီအနေအထားအရ မြေမျက်နှာ ပြင်ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်အသုံးပြုခဲ့ခြင်း မရှိသောမြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ ဆောင်ရွက်ရန် အလို့ငှာ တရားဝင် ပယ်ဖျက်ပြီးဖြစ်သည့် လက်ရှိလုပ်ကိုင်အသုံးပြုခြင်း မရှိသော ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်းပါဝင်သည်။

### မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများနှင့် မသက်ဆိုင်သောမြေများ

*(က)* တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ တောင်ယာလုပ်ပိုင်ခွင့် ပေးအပ်ထားသည့်မြေများ၊

*(ခ)* ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရသတ်မှတ်မြေများ၊

*(င)* အများပြည်သူနှင့်တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး နှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့် မြေများ။


**လက်တွေ့တွင် အများသောအားဖြင့် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများမှာ အလိုလျောက်ပင် အမျိုးအစားတစ်ခုဖြစ်နေပါသည်။** ဆိုလိုသည်မှာ မည်သို့ပင် ဆယ်စုနှစ်များစွာက ပိုင်ဆိုင်အသုံးပြုလာခဲ့သော မြေများဖြစ်သော်ငြားလည်း ၎င်းမြေများကို အခြားမြေအမျိုးအစားအဖြစ် သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိပါက ဥပဒေအရ အလိုလျောက်ပင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း မြေအမျိုးအစားဖြစ်နေခြင်းဖြစ်သည်။ ၎င်းမြေအမျိုးအစား၏ မြေပုံကို ရနိုင်ရန် (သို့မဟုတ်) အတည်ပြုနိုင်ရန်ပင် မဖြစ်နိုင်ပါ။

တောင်ပေါ်ဒေသများရှိ တောင်ယာလုပ်ငန်းများ၊ ဓလေ့ထုံးတမ်းမြေယာများနှင့် ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးမြေတို့သည် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ နှင့် မသက်ဆိုင်ဟုဆိုသော်လည်း ထိုမြေများကိုအမျိုးအစားခွဲခြမ်းခြင်း၊ မှတ်တမ်းတင်နိုင်ခြင်းပြုလုပ်နိုင်ရန် တိကျသော တရားဝင်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် လုပ်ငန်းယန္တရားများမရှိပါ။

ဓလေ့ထုံးတမ်းမြေအဖြစ် တိကျသည့်အဓိပ္ပာယ်သတ်မှတ်ချက်မရှိခြင်းကြောင့် ပုဒ်မ(၃၀-က)ဖြင့် ၎င်းတို့၏ မြေယာများကို ဓလေ့ထုံးတမ်းမြေယာအဖြစ် မှတ်ယူသော ရွာသားများအနေဖြင့် ကျူးကျော်လုပ်ကိုင်သူများအဖြစ်သတ်မှတ်ခံရခြင်း(သို့မဟုတ်)သူတို့၏ လွတ်၊ လပ်၊ ရိုင်းမြေ လျှောက်လွှာများကို ကန့်ကွက်ငြင်းပယ်ခြင်းတို့ကို ရင်ဆိုင်ရနိုင်ရဖွယ်ရှိပြီး မိမိတို့ကိုယ်ကို ကာကွယ်ရန် ခက်ခဲပါလိမ့်မည်။

**တိုင်းနယ်ပြည်နယ်အလိုက် မြေလုပ်ပိုင်ခွင့်ဧရိယာ ချထားပေးမှု**

| | တိုင်းနှင့် ပြည်နယ် | အခြားမြေ အမျိုးအစား | ချထားပေးသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း | ချထားပေးမှု မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၁,၄၇၈,၉၂၂ | ၃၃,၇၅၀ | ၂၃၁,၁၇၂ |
| ၂ | ရန်ကုန် | ၂,၄၇၁,၈၄၈ | ၄၁,၅၂၄ | ၀ |
| ၃ | ကယား | ၂,၄၄၅,၀၉၃ | ၀ | ၄၅၃,၈၂၇ |
| ၄ | မွန် | ၂,၈၁၁,၇၅၄ | ၃၃,၂၉၆ | ၁၉၃,၅၁၅ |
| ၅ | ကရင် | ၄,၄၀၆,၃၆၉ | ၃၅,၀၁၃၄ | ၃,၀၆၆,၃၄၀ |
| ၆ | မန္တလေး | ၆,၉၆၇,၀၁၁ | ၅၈,၁၇၀ | ၆၀၇,၄၃၀ |
| ၇ | ဧရာဝတီ | ၈,၃၃၅,၆၇၄ | ၃၄၆,၉၄၅ | ၀ |
| ၈ | ချင်း | ၄,၆၆၄,၆၂၆ | ၁,၇၄၄ | ၄,၂၃၄,၀၈၈ |
| ၉ | ရခိုင် | ၅,၂၇၃,၃၆၆ | ၁၄၀,၇၇၄ | ၃,၆၇၃,၉၁၃ |
| ၁၀ | ပဲခူး | ၉၃၆,၆၇၈၂ | ၂၀၃,၂၉၈ | ၁၆၇,၄၇၄ |
| ၁၁ | တနင်္သာရီ | ၇,၁၃၃,၉၇၉ | ၄၇၄,၈၂၉ | ၃,၁၀၁,၉၄၈ |
| ၁၂ | မကွေး | ၈,၅၄၇,၅၃၆ | ၂၁၂,၁၇၂ | ၂,၃၁၅,၆၉၆ |
| ၁၃ | ကချင် | ၁၂,၅၇၅,၀၅၃ | ၁,၃၈၆,၂၈၁ | ၈,၀၄၁,၃၆၈ |
| ၁၄ | စစ်ကိုင်း | ၁၈,၇၉၃,၃၁၅ | ၆၀၂,၇၅၃ | ၃,၇၅၈,၃၁၄ |
| ၁၅ | ရှမ်း | ၂၂,၅၂၃,၅၂၆ | ၄၃၇,၆၀၈ | ၁၅,၅၃၈,၂၁၁ |




# ၃. ငြိမ်းချမ်းရေး နှင့် ဖယ်ဒရယ်တည်ထောင်ရေးအတွက် အရှုပ်အထွေး


*မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်များ ချပေးခြင်းကြောင့် နိုင်ငံတစ်ဝှမ်းနှင့် အထူးသဖြင့် တိုင်းရင်းသားနယ်မြေများတွင် မြေယာပဋိပက္ခများဖြစ်ပွားနေစေပြီး လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ခြိမ်းခြောက်နေပါသည်။*

မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေသည် ကိုလိုနီခေတ်တွင် ဗြိတိသျှတို့က အခွန်ကောက်ခံခြင်းဖြင့် ဗဟိုထိန်းချုပ်မှုအောက်တွင်မရှိသောမြေများကို ဆိုလိုခဲ့သော "စွန့်ပစ်မြေ" ၏အယူအဆကို ပြန်လည်အသုံးပြုထားပါသည်။ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုစနစ်များကို လျစ်လျူရှုထားပါသည်။ ဤဥပဒေမှာ လက်တွေ့မြေပြင်တွင် အသုံးပြုနေသော မြေအသုံးချမှုစနစ်များ ကိုလိုနီခေတ်ရှိစနစ်များကိုအမွေဆက်ခံက လျစ်လျူရှုနေပါသည်။ သမိုင်းအဆက်အဆက်တွင် အသုံးပြုခဲ့သော မြေယာဗဟို ချုပ်ကိုင်မှုကို အစွန်းရှည်စေပြီး ငြိမ်းချမ်းရေးနှင့် ဖယ်ဒရယ် တည်ဆောက်မှုကို ထိခိုက်စေပါသည်။

**၇၅% သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမှာ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုအခိုင်အမာရှိသော တိုင်းရင်းသားပြည်နယ် (၇) ခုတွင်တည်ရှိနေပါသည်။** တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းဒေသများမှာ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုစနစ်များ လွှမ်းမိုးလျက်ရှိသော တိုင်းရင်းသားဒေသများအဖြစ် ထည့်သွင်းရေတွက်နိုင်ပါသည်။

ဓလေ့ထုံးတမ်းမြေယာ၏အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် လူထုပူးပေါင်းပါဝင်သောလုပ်ငန်းစဉ်များ၊ အမျိုးသားမြေအသုံးချမှုမူဝါဒ လေးစားလိုက်နာခြင်းဖြင့်သာ လုပ်ဆောင်နိုင်ပြီး အစိုးရဝန်ကြီးဌာနတစ်ခုတည်းက လုပ်ဆောင်၍ မရနိုင်ပေ။ ဓလေ့ထုံးတမ်း မြေယာပိုင်မှုများကို ဗဟိုချုပ်ခိုင်မှုကိုလျှော့ချခြင်းနှင့် ငြိမ်းချမ်းရေးအတွက် မရှိမဖြစ်လိုအပ်သော ဖယ်ဒရယ် တည်ဆောက်ခြင်းတို့အတွက် အမျိုးသားမြေဥပဒေတွင် တိတိကျကျပြဋ္ဌာန်းပေးသင့်ပါသည်။

ဤအခြေအနေတွင် လူဦးရေ တစ်သန်းခွဲခန့်ရှိသော တိမ်းရှောင်နေထိုင်နေကြသူများ (IDPs) အတွက် ပိုမိုဆိုးရွားသွားစေနိုင်ပါသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် အိန္ဒိယတို့ရှိ အခြား တစ်သန်းခွဲမှာ ဒုက္ခသည်များမှာလည်း တစ်နေ့တွင် နေရပ်ပြန်လည်နေထိုင်ကြမည့်သူများဖြစ်ကြသည်။ အမျိုးသားမြေအသုံးချမှုမူဝါဒတွင် "မတရား သိမ်းဆည်းခံရခြင်းကြောင့်ဖြစ်စေ၊ စစ်ဘေးစစ်ဒဏ်ကြောင့်ဖြစ်၊ သဘာဝဘေးန္တရာယ်ကြောင့်ဖြစ်စေ သို့မဟုတ် အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိနေထိုင်လုပ်ကိုင်သောမြေကို စွန့်ခွာသွားရသော တိုင်းရင်းသားများ မိမိနေရပ်ဒေသို့ ပြန်လည်အခြေချနေထိုင်လိုပါက နိုင်ငံတကာတွင် ကျင့်သုံးနေသော အကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးစံများနှင့်အညီ လုံလောက်သည့် မြေလုပ်ပိုင်ခွင့်နှင့်နေထိုင်ခွင့်တို့ရရှိစေရန် စနစ်တကျစီမံဆောင်ရွက်ပေးရမည်။" ဟု အတိအကျဖော်ပြထားပါသည်။ (အပိုဒ် ၇၄)




တိုင်းနှင့်ပြည်နယ်အလိုက်
မြေလုပ်ပိုင်ခွင့်ဧရိယာ ချထားပေးမှု

မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းမဟုတ်သော မြေ


ချထားပေးသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း

ချထားပေးမှုမရှိသေးသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း

တိုင်းနှင့်ပြည်နယ်များ၏ စုစုပေါင်းဧရိယာမှာ စက်ဝိုင်းအချိုးအစား၏ အရွယ်အစားဖြစ်သည်။

*Source: DALMS—2017*
*Mapping: GRET /MRLG—December 2018*

## မြန်မာနိုင်ငံတွင် တိုင်းနှင့်ပြည်နယ်အလိုက် စုစုပေါင်း မြေလုပ်ပိုင်ခွင့် ဧရိယာ ချထားပေးမှု




*"မဖြေရှင်းနိုင်သေးသော မြေယာအငြင်းပွားမှုအများစုသည် ယခင်က ခွင့်ပြုချထားပေးသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း၏ မြေဧက ၄ သန်းမှ ဖြစ်လာခြင်းဖြစ်ပါသည်။ ဧကပေါင်း ၄၅ သန်းကို အသုံးမပြုသေးသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းမြေများအဖြစ် သတ်မှတ်ထားပြီး ခွင့်ပြုချထားပေးနိုင်သည်။ မြေအငြင်းပွားမှုများသည် ပြဿနာပင်လယ်ဂေသကဲ့သို့ ဖြစ်ပေါ်လာနိုင်ပါသည်။ . . ."*

# ၄. အခွင့်အရေးဆိုင်ရာအရှုပ်အထွေးများ

*သတင်းအချက်အလက်များရယူနိုင်မှုမရှိခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် တိကျရှင်းလင်းသော အချက်အလက်များ မရှိခြင်းတို့ကြောင့် သန်းပေါင်းများစွာသော တောင်သူလယ်သမားများကို မြေယာဆုံးရှုံးမှုအန္တရာယ်သို့ ကျရောက်စေနိုင်ပါသည်။*

စိုက်ပျိုးမွေးမြူရေးစီးပွားရေးလုပ်ငန်းရှင်များ၊ တသီးပုဂ္ဂလစွန့်ဦးတီထွင်သူများအား ခွင့်ပြုချက်ချပေးလေ့ရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမှာ အသေးစား တောင်သူလယ်သမားများမှ စိုက်ပျိုးရေး၊ တိရိစ္ဆာန်မွေးမြူရေး၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောအရင်းအမြစ်များအတွက် အသုံးပြုလေ့ရှိသောမြေများဖြစ်သည်။ တောင်သူများ၏ မြေယာလုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ပြဋ္ဌာန်းဥပဒေများတွင် အသိအမှတ်ပြုမှု အားနည်းခြင်း (သို့မဟုတ်) မရှိခြင်းနှင့် တရားဝင်မှုဘောင်များကို အကောင်အထည်ဖော်ရာတွင် အားနည်းခြင်းတို့ကြောင့် လုပ်ကွက်ငယ်တောင်သူများကို ထိခိုက်စေလျက်ရှိပါသည်။ မြောက်များစွာသော တိုင်ကြားမှုများသည် မြေယာအငြင်းပွားမှုများနှင့် မဖြေရှင်းရသေးဘဲ ကျန်ရစ်နေသည့်ပဋိပက္ခများမှ ပဋိပက္ခများ၏ မူလအစအဖြစ် ကျန်ရှိနေပါသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်ကို ရရှိရန် လျှောက်နေသော စီးပွားရေးလုပ်ငန်းရှင်များနှင့် မြေပြင်တွင် အမှန်တကယ် လုပ်ကိုင်စားသောက်နေသော တောင်သူလယ်သမားများမှာ သတင်းအချက်အလက်များ ရယူနိုင်သည့် အင်အားခြင်းမတူညီပေ။ **များသောအားဖြင့် တောင်သူများက မိမိတို့ပိုင်ဆိုင်ထားသောမြေယာများမှာ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းမြေများအဖြစ် သတ်မှတ်ခံရသည်ကိုပင် မသိရှိကြသဖြင့် ကျူးကျော်လုပ်ကိုင်သူများအဆင့်အဖြစ် သတ်မှတ်ခံရမည့်အန္တရာယ်ရှိနေပါသည်။** တောင်သူများမှာ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီထံမည်သို့လျှောက်ယူရမည်ကို မသိရှိဘဲ ငွေကုန်လည်း မခံနိုင်ကြပေ။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်ပြီး လျှောက်ရသောအခါတွင် တောင်သူများက အမြဲတမ်းအရှုံးနှင့်သာ ရင်ဆိုင်ရလေ့ရှိပါသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ပတ်သက်သော မြေယာအချက်အလက်များမှာ ညီညွတ်ခြင်းမရှိပါ။ လွန်ခဲ့သော ဆယ်စုနှစ်များတွင်းအသုံးပြုခဲ့သော မြေယာ အချက်အလက်များကို စနစ်တကျမှတ်တမ်းတင်ထားခြင်းမရှိခြင်း၊ သတင်းအချက်အလက်များမှာ ခေတ်မမီသောကြောင့်ဒေသခံများ၏ မြေယာနှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်ပြီး အပျက်သဘောဆောင်သည့် သက်ရောက်မှုမျိုး ဖြစ်စေနိုင်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံအထက်ပိုင်းဒေသ သို့မဟုတ် သီးခြားဖြစ်နေသော နယ်မြေအစိတ်အပိုင်းကြီးတစ်ခုမှာ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (DALMS) က စစ်တမ်းကောက်ယူထားခြင်းမရှိသေးပေ။ သို့သော်လည်း ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတွင် ဤအချက်ကိုထည့်သွင်းစဉ်းစားထားခြင်းမရှိသောကြောင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသရှိနယ်မြေများမှာ အလိုက်အလျောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖြစ်သွားပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မှတ်ပုံတင်ထားခြင်းမရှိသည့် မြေယာလုပ်ကိုင်သူများမှာ မိမိတို့လက်ရှိလုပ်ကိုင်နေသော မြေယာများကို ၂၀၁၉ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ နောက်ဆုံးထားပြီး လုပ်ပိုင်ခွင့်ကို လျှောက်ထားရမည်ဖြစ်သည်။ သို့သော် အစိုးရအနေဖြင့် တောင်သူလယ်သမားများ နားလည်စေရန် အသိပညာပေးခြင်း၊ ပွင့်လင်းမြင်သာသောလုပ်ထုံးလုပ်နည်းများထားရှိခြင်းနှင့် ကန့်ကွက်နိုင်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း စသည့်ပံ့ပိုးမှုများကို ပေးထားခြင်းမရှိပါ။ အထူးသဖြင့် စစ်ဘေးစစ်ဒဏ်ကြောင့် တိမ်းရှောင်နေရသော ပြည်သူများအတွက်မှု လိုက်နာနိုင်ရန် လုံးဝမဖြစ်နိုင်သည့် အခြေအနေဖြစ်နေပါသည်။

## နောက်ဆုံးရက်မတိုင်မီ လက်ရှိအကောင်အထည်ဖော်မှုအခြေအနေ

လွှတ်တော်ကိုယ်စားလှယ်များက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှာ ကုမ္ပဏီများထံမှ အသုံးမပြုသောမြေများကို ပြန်လည်သိမ်းယူနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည့်အတွက် အရပ်ဖက်အဖွဲ့အစည်းများက လွဲမှားစွာ အဓိပ္ပာယ်ဖွင့်ဆိုနေကြသည်ဟု ဆိုနေပါသည်။ သို့သော် ၂၀၁၂ ခုနှစ်ဥပဒေနှင့် အခြားဥပဒေများတွင် ခွင့်ပြုချထားသော မြေယာလုပ်ပိုင်ခွင့်များကို ပြန်လည်ရုတ်သိမ်းနိုင်သည့် ပြဋ္ဌာန်းချက်များပါရှိသော်လည်း အကောင်အထည် ဖော်ဆောင်နိုင်ခြင်းမရှိပေ။ ဤအခြေအနေကို ကြည့်မည်ဆိုလျှင် လက်ရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှာ မမျှတသောမူဝါဒကိုအခြေခံပြီး အခြေခံလူတန်းစားများကို ချနင်းကာ အဆက်အသွယ်ကောင်းရှိသော လူတန်းစားအချို့အတွက်သာ အကျိုးအမြတ်ဖြစ်စေနိုင်မည့် အကောင်အထည်ဖော်မှု တစ်ခုဖြစ်နေသည်ဟု ထင်မြင်ရပါသည်။

နောက်ဆုံးကောက်ယူထားသည့် မြေပြင်စစ်တမ်းများက အထက်ပါအချက်ကို ခိုင်မာစေပါသည်။ အထူးသဖြင့် MRLG *နှင့် Namati တို့မှ ကောက်ယူရလာသည့် စစ်တမ်းနှစ်ခုစလုံးအရ မတ်လ (၁၁)ရက် နောက်ဆုံးနေ့သို့ ရောက်လာသော်လည်း အများစုသော တောင်သူလယ်သမားများမှာ လွတ်၊ လပ်၊ ရိုင်းမြေဥပဒေနှင့် ဥပဒေ၏ ဂယက်အကျိုးဆက်ကိုလည်း မသိရှိကြပါ။

မြေပြင်တွင် ဖြစ်ပွားနေသောအခြေအနေများမှာ သတင်းအချက်အလက်များရရှိမှုမရှိခြင်း၊ အစိုးရ၏ စွမ်းဆောင်မှုအားနည်းခြင်း၊ မျှတမှုမရှိသောဗဟိုချုပ်ကိုင်မှုဖြင့် အချိန်ကန့်သတ်ခြင်း၊ လိမ်လည်မှုများကိုနှင့် ကန့်ကွက်မှုများကို စီမံနိုင်သောလုပ်ထုံး လုပ်နည်းများမရှိခြင်း၊ မြေယာနှင့်ပတ်သက်ပြီး ခိုင်မာသောအချက်အလက်များမရှိခြင်းတို့ကြောင့် လူထုအများအပြားကို ချန်လှပ်ထားခြင်းနှင့် မဝေးသည့်အနာဂတ်တွင် ပဋိပက္ခအသစ်များကို ဖြစ်စေပါလိမ့်မည်။ ဤအခြေအနေမှာ တိုင်းရင်းသားနယ်မြေများတွင် ပဋိပက္ခများ၊ တိမ်းရှောင်မှုများ၊ မှန်ကန်သော သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများမရှိခြင်း၊ ဓလေ့ထုံးတမ်းမြေယာနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ထိန်းချုပ်ထားခြင်းတို့ကြောင့် ပိုမိုရှုပ်ထွေးပါသည်။

* တိုင်းဒေသ/ပြည်နယ် (၄)ခု (ကယား၊ တနင်္သာရီ၊ ချင်း နှင့် ရှမ်းတို့မှ) မြို့နယ် (၆)မြို့နယ်၊ ရွာ (၁၉)ရွာတွင် အိမ်ထောင်စု (၁၀၀၀)ကျော်အား မိတ်ဖက်အဖွဲ့အစည်း (၄)ဖွဲ့ ဖြစ်သော CHRO, KMSS (လွိုင်ကော်)၊ SANAR/GRO နှင့် TRIP-NET တို့နှင့်အတူ ကောက်ယူထားသည့် စစ်တမ်း

### နောက်ထပ်သတင်းအချက်အလက်များကို ရယူလိုပါက :

*(၂၀၁၂) ခုနှစ် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈) အကောင်အထည်ဖော်မှုအပေါ် စိုးရိမ်ပူပန်ကြောင်း ပေးပို့သည့်တင်ပြလွှာ*
*https://reliefweb.int/report/myanmar/41-civil-society-ogranisations-call-myanmar-government-suspend-controversial-land-law*

*မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးစားမြေယာသိမ်းဆည်းမှုများ - အတိတ်နှင့် လက်ရှိ လုပ်ငန်း စဉ်များကို ပြန်လည်ဆန်းစစ်ခြင်း။ San Thein, Diepart J.-C., Hlwan Moe and C. Allaverdian (2018). MRLG. Thematic Study Series #9. Vientiane: MRLG.*
*http://mrlg.org/resources/large-scale-land-acquisitions-for-agricultural-development-in-myanmar-a-review-of-past-and-current-processes/*

*Namati ၏ မြေလွတ်၊မြေလပ် နှင့် မြေရိုင်းများဆိုင်ရာ လမ်းညွှန်လက်စွဲနှင့် လျှောက်ထားခြင်း*
*https://drive.google.com/file/d/11UvxQ7cMYdEKKeecAURaw3rmZSsuILXD/view?ts=5c18c36c&fbclid= IwAR3UZKWL23nMA_M9XkwwPO0X0Uhy0LcVVd6HvrIZNknCkQSo4OQuV9q7c8*

*၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ နှင့် ၂၀၁၈ ခုနှစ် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေများ (ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေရေးရာ သတင်းအချက်အလက်များ)*
*https://www.mlis.gov.mm*

## ၅ . အကြံပြုချက်များ

မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေသည် ဒေသခံများ၏အသက်မွေးဝမ်းကြောင်း၊ စီးပွားရေး၊ မြေယာနှင့်လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ ဗဟိုအုပ်ချုပ်မှုလျှော့ချရေးနှင့်ဖယ်ဒရယ်လုပ်ငန်းစဉ်များ၊ သဘာဝပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှုဆိုင်ရာ အကာကွယ်များကို ခြိမ်းခြောက်နေသောကြောင့် နိုင်ငံတော်အစိုးရအား အောက်ပါအချက်များကို အကြံပြုအပ်ပါသည်။

- ၂၀၁၈ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေအား အကောင်အထည်ဖော်ရန် ဆောင်ရွက်နေမှုကို ရပ်ဆိုင်းထားပေးပါရန်။
- မှတ်တမ်းတင်ထားခြင်းမရှိသည့် မြေယာပိုင်ဆိုင်မှုနှင့် ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုကို ထိခိုက်စေနိုင်မည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား ကုမ္ပဏီများနှင့် အကြီးစားပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကို ခွဲဝေချပေးမှုကို ရပ်ဆိုင်းပေးပါရန်။
- အမျိုးသားမြေအသုံးချမှုကောင်စီ၏ဦးဆောင်မှုဖြင့် အမျိုးသားမြေအသုံးချမှု မူဝါဒလမ်းညွှန်ချက်များနှင့် အညီ တရားမျှတ၍ထိရောက်သည့် မြေယာအုပ်ချုပ်ရေးမူဘောင်တစ်ခုကို တည်ဆောက်အကောင်အထည်ဖော်ဆောင်နိုင်ရန် တောင်သူလယ်သမားများ၊ တိုင်းရင်းသားလူမျိုးများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အတူတကွ ဆွေးနွေးတိုင်ပင်ဆောင်ရွက်ရန်။

ကျွန်ုပ်တို့မှ ယခုအချိန်အထိ လျှောက်ထားလာသည့် လွတ်၊ လပ်၊ ရိုင်းမြေ လျှောက်ထားမှုများ ပွင့်လင်းမြင်သာမှု ရှိစေရန် တောင်းဆိုအပ်ပါသည်။ လွန်ခဲ့သော (၆) လ အတွင်း လျှောက်ထားမှုများတွင် မည်သည့်အကြောင်းအရာများအတွက် လျှောက်ထားခြင်းဖြစ်သည်ကို ပွင့်လင်းမြင်သာသောနည်းလမ်းများဖြင့် တိကျသေချာစွာ စိစစ်ပေးပါရန် အစိုးရအားတောင်းဆိုအပ်ပါသည်။ ပုဒ်မ (၃၀-က) ကို ထည့်သွင်းစဉ်းစားကာ အထူးသဖြင့်မည်သို့ လွတ်၊ လပ်၊ ရိုင်းမြေမှ ဓလေ့ထုံးတမ်းမြေများကို မည်သို့ ဖယ်ထုတ်ထားပေးရန် မည်သည့်အစီအစဉ်ရှိသိသည်ကို သတ်မှတ်ရန် အစိုးရအား ကျွန်ုပ်တို့မှ တောင်းဆိုလိုက်ပါသည်။

*Published by: Gret*
*www.gret.org*

*Funded by LIFT*

Livelihoods and Food Security Trust Fund

Disclaimer:
The views expressed herein are not to be taken to reflect the official opinion of any of the LIFT donors.

Graphic Design and Layout by Chrstine Schmutzler